**CHIN NATIONAL FRONT**
**General Headquarters**
**Chinland**

**Website:** www.cnfhqr.com **Email:** cnf.headquarters@gmail.com

# (၇၈) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာ

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်

၁။ ယနေ့သည် တိုင်းပြည်လွတ်လပ်ရေးအတွက် ကြိုးပမ်းနေခဲ့ကြသော ဗိုလ်ချုပ်အောင်ဆန်း အပါအဝင်လူပုဂ္ဂိုလ်(၉)ဦးကို မသမာသူ လူတစုက ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ခဲ့သည့် နေ့ရက်ကို အောက်မေ့အမှတ်ရခြင်း (၇၈) နှစ်မြောက် အာဇာနည်နေ့ ဖြစ်ပါသည်။

၂။ (၇၈) နှစ်မြောက် အာဇာနည်နေ့ကို အလေးအမြတ်ထားပြီး အထိမ်းအမှတ် အခမ်းအနား ပူးပေါင်းကျင်းပ ပြုလုပ်ပေးသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) နှင့် အမျိုးသားညီညွတ်ရေးအစိုးရ(NUG) တို့အပေါ် ဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြလိုပါသည်။

၃။ ယနေ့တွင် ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့၌ လုပ်ကြံသတ်ဖြတ်ခံခဲ့ရသော အာဇာနည် (၉) ဦးသာမက လွတ်လပ်ရေးတိုက်ပွဲအတွင်း ကျဆုံးခဲ့ကြသောအာဇာနည်များနှင့် လွတ်လပ်ရေး အလွန် နှစ်ပေါင်း(၇၅)နှစ်ကျော်ကာလအတွင်း စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေးအတွက် အသက်ပေးလှူခဲ့ကြသောအာဇာနည်အပေါင်းကို ဂုဏ်ယူအောက်မေ့လျက် ဦးညွှတ်အလေးပြု ပါသည်။

၄။ ချင်းအမျိုးသားတပ်ဦးသည် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးများကို အပြည့်အဝအာမခံချက်ရှိသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်နိုင်သည်အထိ ဘုံရည်မှန်းချက်တူ မိတ်ဖက်တော်လှန်ရေးအဖွဲ့အစည်းများနှင့် လက်တွဲတိုက်ပွဲဝင်သွားမည် ဖြစ်ပါကြောင်း ကျဆုံးလေပြီးသော အာဇာနည်ပေါင်းကို အမှတ်ရ တိုင်တည်လျက် ဤသဝဏ်လွှာအား ပေးပို့အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားတပ်ဦး

Chin National Front – General Headquarters, Chinland